ဆီးချိုသွေးချိုရောဂါ၏ လက္ခဏာများကဘာတွေလဲ။

ဆီးချိုသွေးချိုရောဂါဖြစ်လာလျှင်လူတစ်ဦးသည် -

- ဆီးအသွားများလာတတ်ပါတယ်။ အထူးသဖြင့်ညဖက်ဆီးအသွားများတတ်ပါတယ်။
- ရေငတ်လွန်းပါတယ်။ ဒါကြောင့်ရေတွေခဏခဏသောက်ရလေ့ရှိပါတယ်။
- အစားအသောက်လည်း ကောင်းကောင်းစားလျက်နဲ့ပိန်သွားတတ်ပါတယ်။
- ခန္ဓာကိုယ်အနှံ့ ယားယံတတ်ပါတယ်။
- လိင်အင်္ဂါများ ယားယံခြင်းလည်း အဖြစ်များတတ်ပါတယ်။
- အကြောင်းဘာမှမရှိပဲတနေကုန်နွမ်းနယ်နေတတ်ပါတယ်။ ဘာပဲစားစား အားမရှိသလိုနဲ့နုန်းချိနေတတ်ပါတယ်။
- အနာများလည်း မကြာခဏပေါက်တတ်ပါတယ်။
- အနာများလည်း ကျက်ခဲပါတယ်။

ဒီရောဂါလက္ခဏာတွေအဖြစ်များတတ်တယ်ဆိုသော်လည်း၊ ဒီလက္ခဏာတွေဘာမှမပြပဲ၊ မခံစားရပဲလည်း ဆီးချိုသွေးချိုရောဂါ ဖြစ်နေနိုင်ပါတယ်။ ဒီအချက်ကလည်း အရေးကြီးပါတယ်။ ဆီးချိုသွေးချိုရောဂါရဲ့လက္ခဏာများကိုလူတွေသိထားသင့်ကြသလို၊ အဲဒီရောဂါလက္ခဏာတွေမရှိပဲလည်း ဆီးချိုသွေးချိုရောဂါ ဖြစ်နေတတ်တယ်ဆိုတာသိထားကြဖို့လိုအပ်ပါတယ်။

အချို့သောရောဂါရှင်များကတော့စဖြစ်ကတည်းကဆီးချိုသွေးချိုရောဂါရဲ့ နောက်ဆက်တွဲရောဂါတွေရဲ့ရောဂါလက္ခဏာတွေရှိနေတတ်ပါတယ်။

- ခြေလက်တွေထုံကျင်နေတတ်ပါတယ်။
- ခြေလက်တွေဖောယောင်လာတတ်ပါတယ်။
- အချို့ကလေဖြတ်သွားတတ်ပါတယ်။

ဒါကြောင့်ရောဂါကိုစောစီးစွာရှာဖွေတွေ့ရှိဖို့လိုအပ်ပါတယ်။